*နိုင်ငံတကာလုပ်ထုံးလုပ်နည်း သင်တန်းလက်စွဲ*

## အပိုင်း ၃၊ အခန်း ၃ တာဝန်ခံမှုနည်းလမ်းများနှင့်ကုစားနည်းများ

**သင်ခန်းစာရည်ရွယ်ချက်များ**

သင်ခန်းစာပြီးဆုံးချိန်တွင် သင်တန်းသားများသည် အောက်ဖော်ပြပါအချက်များကို နားလည်သဘောပေါက်နိုင်မည်-

- လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကို နိုင်ငံတကာဥပဒေအရ ချိုးဖောက်မှု သို့မဟုတ် ရာဇဝတ်မှုအဖြစ်သတ်မှတ်နိုင်ခြင်း။
- CARSVနှင့် ၎င်း၏အပြန်အလှန်ဆက်စပ်မှုများနှင့် သက်ဆိုင်သည့် မတူညီသောဥပဒေမှုဘောင်များကို ရှင်းပြနိုင်ခြင်း။
- CARSV ကျူးလွန်ခံရသူများ၏ရပိုင်ခွင့်များနှင့် ၎င်းတို့ရရှိနိုင်သော အဓိကကျသည့် တာဝန်ခံမှုနည်းလမ်းများ နှင့် ကုစားနည်းများကို ဖော်ပြနိုင်ခြင်း။

**သင်တန်းကြာမြင့်ချိန်-** **၆၀ - ၉၀ မိနစ်**

**လေ့ကျင့်ခန်း -** **တာဝန်ခံမှုနည်းလမ်းများနှင့် ကုစားနည်းများကို စူးစမ်းရှာဖွေခြင်း (၃၀ - ၆၀ မိနစ်)**

**နိုင်ငံတကာလုပ်ထုံးလုပ်နည်း၏ ဆက်စပ်သော သင်ခန်းစာများ**

စာမျက်နှာ ၂၈ - ၃၉၊ အခန်း ၄ (တစ်ဦးချင်း ရာဇဝတ်မှုဆိုင်ရာ တာဝန်ရှိမှု)၊ အခန်း ၅ (နိုင်ငံတော်၏ တာဝန်ရှိမှု)၊ အခန်း ၆ (ပြန်လည်ကုစား ပေးလျော်မှုများ reparations)၊ အခန်း ၁၈ (နိဂုံး)

*©နိုင်ငံတကာ ရာဇဝတ်မှု စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈*

ဤသင်ခန်းစာကို သင်တန်းပထမနေ့အချိန်ဇယားတွင် ထည့်သွင်းလျှင်အကောင်းဆုံးဖြစ်သည်။ မိတ်ဆက်သင်ခန်းစာအနေဖြင့်လည်းအသုံးပြုနိုင်ပြီး အပိုင်း ၃ ရှိသင်ခန်းစာအားလုံးတွင် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကို နိုင်ငံတကာဥပဒေအရ ချိုးဖောက်မှု သို့မဟုတ် ရာဇဝတ်မှုအဖြစ်ကိုင်တွယ်ရန်အတွက် ဥပဒေဆိုင်ရာအခြေခံအုတ်မြစ်များကို ချမှတ်နိုင်သည်။ တာဝန်ခံမှုသဘောတရားကို သင်တန်းသားများပိုမိုကျယ်ပြန့်စွာ (ရာဇဝတ်မှုဆိုင်ရာ တရားစွဲဆိုမှုမှသည် နစ်နာကြေးတောင်းဆိုခြင်းအထိ၊ အုပ်ချုပ်မှုဆိုင်ရာပြန်လည်ကုစား ပေးလျော်မှုအစီအစဉ်များ ၊ လူ့အခွင့်အရေးဆိုင်ရာ စွဲချက်တင်ခြင်း စသည်ဖြင့်) စဉ်းစားနိုင်ရန် အကူအညီဖြစ်ဖို့ အတွက်လည်း ရည်ရွယ်သည်။ မှတ်တမ်းတင်ခြင်း/မှတ်တမ်းပြုစုခြင်းမစတင်မီ မိမိတို့စုဆောင်းရရှိထားသောသတင်းအချက်အလက်များဖြင့်ဘာဆက်လုပ်မည်ကို သင်တန်းသားများ ရှင်းရှင်းလင်းလင်းသိထားရန် အရေးကြီးပုံကို သင်တန်းဆရာက ထပ်လောင်းပြောကြားသင့်သည်။ အဘယ်ကြောင့်ဆိုသော် တာဝန်ခံမှုယန္တရားတစ်ခုနှင့်တစ်ခုကြားတွင် အသိအမှတ်ပြုခြင်းနှင့် သက်သေခံလိုအပ်ချက်/ပြဋ္ဌာန်းချက်တို့ ကွဲပြားနိုင်ပါသည်။ ထို့အပြင် အချို့ဖြစ်စဉ်များမှာ တစ်ခုနှင့်တစ်ခုသီးသန့်စီဖြစ်တည်နေပြီး၊ အချို့ကို ယှဉ်ပြိုင်အသုံးပြုနိုင်ကာ၊ အချို့ကတော့ တစ်ခုနှင့်တစ်ခု နောက်ဆက်တွဲအဖြစ်ရှိနေတတ်ပါသည်။ ဥပမာအားဖြင့် ဒေသဆိုင်ရာ သို့မဟုတ် နိုင်ငံတကာ လူ့အခွင့်အရေးအဖွဲ့များရှေ့မှောက်သို့ နိုင်ငံတော်ကိုဆန့်ကျင်၍ တစ်ဦးချင်းဆက်သွယ်/တင်သွင်းခြင်းသည် ဖြစ်နိုင်ခြေရှိသည့် ပြည်တွင်းကုစားနည်းအားလုံးကို အသုံးပြုပြီး (မအောင်မြင်) မှသာလျှင်လုပ်ဆောင် နိုင်ပါသည်။

ဤအပိုင်းတွင် သတင်းအချက်အလက်များကို ထိရောက်စွာပေးပို့နိုင်စေရန် ဤအပိုင်းနှင့် နောက်ဆက်တွဲ ဥပဒေရေးရာသင်ခန်းစာ အခန်း (၄ - ၆)ကို သင်ကြားမည့် သင်တန်းဆရာသည် ခိုင်မာသော နိုင်ငံတကာဥပဒေနောက်ခံရှိရမည့်အပြင်၊ CARSV ကျူးလွန်ခံရသူများအား တရားမျှတမှုနှင့် နစ်နာကြေးပေးနိုင်ရန် မတူညီသော တာဝန်ခံမှုယန္တရားများကိုမည်သို့အသုံးပြုနိုင်မည်၊ အောင်မြင်သောစွဲချက်တင်ခြင်းနည်းဗျူဟာများကို မည်သို့ဖော်ဆောင်နိုင်မည်၊ စသည်ဖြင့် မိမိ၏ကိုယ်ပိုင်အတွေ့အကြုံကိုအခြေခံသော ဥပမာများပေးနိုင်ရမည်။

ဖြစ်နိုင်မည်ဆိုလျှင် သင်တန်းသားများ မှုဝေလုပ်ကိုင်နေသည့် ပြည်တွင်း သို့မဟုတ် ဒေသတွင်းမှ အောင်မြင်စွာအသုံးပြုနိုင်ခဲ့သော ဥပမာများအရ (သို့မဟုတ် သုတေသနအရ သင်တန်းအတွက်ပြင်ဆင်ထားသော) CARSV ကျူးလွန်ခံရသူများအတွက် ရနိုင်သည့်၊ တာဝန်ခံမှု နည်းလမ်းများကို သင်တန်းဆရာက ရင်းနှီး သိရှိပြီး ဖြစ်သင့်သည်။ သင်တန်းဆရာသည် အချိန်ရနိုင်မှုအပေါ်မူတည်၍ သင်တန်းသားများကြား ဆွေးနွေးမှုများ သင်တန်းအချိန်အတွင်းသာမက လေ့ကျင့်ခန်းအချိန်မှာပါ ဖြစ်နိုင်သမျှများများ ပြုလုပ်စေရမည်။ ဆက်စပ်မှုရှိခဲ့ပါလျှင် သင်တန်းသားများကိုယ်တိုင် ၎င်းတို့၏ကိုယ်တွေ့ တာဝန်ခံမှုယန္တရားနှင့်ပတ်သက်ပြီး မည်သည့်အခက်အခဲကြုံခဲ့ရသည်၊ မည်သည့်နည်းဗျူဟာသုံး၍ ကျော်ဖြတ်ခဲ့သည် စသည်ဖြင့် ပါဝင်ဆွေးနွေးရန် အားပေးသင့်သည်။

သင်တန်းဆရာသည် သင်တန်းသားများ၏ ဥပဒေဆိုင်ရာကျွမ်းကျင်မှုကိုသိရှိထားသင့်ပြီး၊ သူ/သူမ၏ အလေးပေးမှုနှင့်အညီ ချိန်းညှိပေးရမည်။ ကျင့်သုံးလုပ်ဆောင်သူများသည် "နိုင်ငံတကာရာဇဝတ်မှုဆိုင်ရာ ဥပဒေ" သို့မဟုတ် "နိုင်ငံတကာရာဇဝတ်မှု" ကဲ့သို့အခြေခံသဘောတရားများကိုပင် မကြာခဏ နားလည်မှု ကွဲပြားတတ်ကြောင်းကို သင်တန်းဆရာက ကောင်းစွာရှင်းပြထားသင့်သည်။ အကျိုးဆက်အနေဖြင့် ပါဝါပွိုင့် သင်ခန်းစာကို ပြန်လည်ချိန်ညှိရန် လိုကောင်းလိုနိုင်ပါသည်။

အခန်း ၄ - ၆ မတိုင်မီ ဆက်စပ်မှုရှိပြီး လိုအပ်သည်ဆိုပါက သင်တန်းဆရာသည် ၎င်းအနေဖြင့် အောက်ပါအကြောင်းအရာများကို သုတေသနပြုလုပ်ပြီးကြောင်းနှင့် ကောင်းမွန်စွာရှင်းပြပြီးကြောင်းအပြင် သင်တန်းသားများက အပြည့်အဝနားလည်ကြောင်းကို သေချာစေရမည်။

- စာချုပ်စာတမ်းဥပဒေ (နိုင်ငံတကာရာဇဝတ်ခုံရုံး၏ ရောမသဘောတူစာချုပ်ကဲ့သို့)၊ ထုံးတမ်းနှင့် ဥပဒေ ရေးရာစနစ် (စီရင်ထုံးဥပဒေ)တို့ အပါအဝင် အမျိုးမျိုးသော နိုင်ငံတကာဥပဒေရင်းမြစ်များ၏ ခြားနားချက်များ၊

©နိုင်ငံတကာ ရာဇဝတ်မှု စုံစမ်းစစ်ဆေးရေး အင်စတီကျု၊ ၂၀၁၈

- နိုင်ငံတကာဓလေ့ထုံးတမ်းဥပဒေ၏ ကိစ္စရပ်အနေဖြင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကို တားမြစ်ခြင်း၊
- CARSV အတွက်အသုံးပြုနိုင်သော မတူညီသည့် ဥပဒေမူဘောင်များ (စည်းမျဉ်းအမျိုးမျိုး အသုံးပြုသော အခြေအနေများ၊ ၎င်းတို့အချင်းချင်းမည်ကဲ့သို့ အပြန်အလှန်ဖြည့်စွက်ပေးခြင်း၊ အခြေအနေပေါ်မူတည်ပြီး ၎င်းတို့ကို တပြိုင်တည်းမည်သို့အသုံးပြုနိုင်သည်၊ စသည်တို့အပါအဝင်)၊
- နိုင်ငံတကာလုပ်ထုံးလုပ်နည်းများတွင် နိုင်ငံတကာဥပဒေကို သတ်မှတ်ထားပုံနှင့် သင်တန်းသားများ၏ လုပ်ငန်းခွင်တွင်အသုံးပြုသော ဥပဒေ (အသုံးပြုနိုင်သောပြည်တွင်းဥပဒေအပါအဝင်)တို့ မည်သို့အပြန် အလှန်ဆက်နွယ်နေကြောင်းနှင့်
- အခြေခံဥပဒေ (သီးခြားလိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်းများ သို့မဟုတ် ချိုးဖောက်ခြင်းများ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်များ၊ တာဝန်ယူမှု ပုံစံများ၊ တာဝန်မယူရန်အကြောင်းပြချက်များနှင့် ပြစ်မှုကျူးလွန်သူများကို တရားစွဲဆိုရန်အတားအဆီးများ ကဲ့သို့)နှင့် သက်သေခံချက်ဥပဒေနှင့် လုပ်ထုံးလုပ်နည်းဥပဒေတို့၏ ကွဲပြားမှုများအပါအဝင် ဆက်စပ်နေသောတာဝန်ခံမှု ယန္တရားများအတွင်း မှတ်တမ်းတင်/မှတ်တမ်းပြုစုခြင်း သို့မဟုတ် စုံစမ်းစစ်ဆေးခြင်း အတွက် အရေးကြီးသောခြားနားမှုများ၊

ဥပမာအားဖြင့် ပါဝါပွိုင့် ၄ တွင် သင်တန်းသားများ၏လိုအပ်ချက်အပေါ်မူတည်၍ သင်တန်းဆရာသည် နိုင်ငံတကာလူ့အခွင့်အရေးဥပဒေ၊ နိုင်ငံတကာလူသားချင်းစာနာမှုဆိုင်ရာဥပဒေ၊ နိုင်ငံတကာရာဇဝတ်မှုဆိုင်ရာ ဥပဒေနှင့် အထူးသဖြင့် အဆိုပါတရားရေးအဖွဲ့အစည်းများအရ မည်သူကဥပဒေလိုက်နာရမည်နှင့် မည်သူ့ကို အပြစ်ပေးထိုက်သည် စသည်တို့ကြားခြားနားချက်ကို သင်တန်းသားများ သေချာစွာသိစေရမည်။ အကယ်၍ ဆက်စပ်မှုရှိလျှင် သင်တန်းဆရာသည် နိုင်ငံတကာဥပဒေကို ပြည်တွင်းတရားရေးစနစ်များတွင်မည်သို့ အသုံးပြု နိုင်သည်ကို ရှင်းပြရပေမည်။ နိုင်ငံတကာနှင့် ပြည်တွင်းဥပဒေများအောက်တွင်၊ တစ်ဦးချင်း၏ ရာဇဝတ်ကြောင်းအရ တာဝန်ရှိမှုအပြင်၊ တစ်ဦးချင်းစီ၏ တရားမကြောင်းအရတာဝန်ရှိမှု၊

နိုင်ငံတော်၏တာဝန်ရှိမှု၊ လက်နက်ကိုင်အဖွဲ့များနှင့် အခြားပါဝင်သူများနှင့်လည်း ပတ်သက်ရန် လိုအပ်ပါလိမ့်မည်။

ပါဝါပွိုင့်တွင်ပေးထားသောမေးခွန်းများ- နိုင်ငံတကာရာဇဝတ်မှု သို့မဟုတ် ချိုးဖောက်မှုတွင် မည်သည့်တို့/မည်သည့် အင်္ဂါရပ်များ ပါဝင်သည်၊ နိုင်ငံတကာရာဇဝတ်မှု သို့မဟုတ် ချိုးဖောက်မှုကို ပိုလေးနက်သွားစေသည်မှာ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု၏ မည်သည့်ဥပဒေဆိုင်ရာ နောက်ဆက်တွဲအခြေအနေများဖြစ်သည်နှင့်၊ အကျိုးဆက်အနေဖြင့် မည်သည့်တာဝန်ခံမှုလမ်းကြောင်းပွင့်နေသည်၊ မည်သည့်လူ့အခွင့်အရေးဆိုင်ရာ ချိုးဖောက်မှုက လိင်ပိုင်းဆိုင်ရာချိုးဖောက်မှုကိုဖြစ်စေသည်၊ စသည်တို့ကိုဆွေးနွေးရာတွင် သင်တန်းဆရာက အဖွဲ့ကို ဦးဆောင်သင့်သည်။ ထို့နောက်သင်တန်းဆရာသည် ပါဝါပွိုင့်များပေါ်မှ ကျန်ရှိသောသတင်းအချက်အလက်များကို ထုတ်ဖော်ပြီး၊ ဆွေးနွေးချိန်တွင်မပါဝင်ခဲ့သော ကိစ္စရပ်များကို ထပ်ဆောင်းပြောနိုင်သည်။ သင်တန်းဆရာသည် အချို့သော အရေးပါသည့်အချက်များကို အထူးပြုပြောဆိုသင့်သည်- ဒါဟာ နိုင်ငံတကာရာဇဝတ်မှု သို့မဟုတ် နိုင်ငံတကာဥပဒေချိုးဖောက်မှုအဖြစ်သို့ ပမာဏတိုးသွားစေသော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု (ဥပမာ- ပဋိပက္ခတစ်ခုအတွင်းကျူးလွန်ခဲ့သော သို့မဟုတ် အရပ်သားလူထုအပေါ် စနစ်တကျ/ ကျယ်ကျယ်ပြန့်ပြန့် တိုက်ခိုက်မှုအတွင်းကျူးလွန်ခဲ့သော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု) ကျူးလွန်ခဲ့သည့်ကိစ္စဖြစ်သည်။ နိုင်ငံတကာဥပဒေတွင် ဥပဒေများ၏အဓိပ္ပါယ်များကိုပေးရုံသာမက အချို့သောဥပဒေများကို နိုင်ငံတကာဥပဒေ အောက်တွင် မည်သို့အမျိုးအစားခွဲထားသည်ကို ဆုံးဖြတ်ပေးသော စံနှုန်းသတ်မှတ်ချက်များပါဝင်သည်။ ထို့အပြင် အချက်အလက်ကိုအခြေခံသောဖြစ်ရပ်များကတော့ အဆိုပါလိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုသည် ပြည်တွင်းဥပဒေများထက်စာလျှင် ရာဇဝတ်မှု သို့မဟုတ် နိုင်ငံတကာဥပဒေချိုးဖောက်မှုအဖြစ်သို့ ပမာဏ တိုးသွားသလား ဆိုသည်ကို ဆုံးဖြတ်ပေးသည်။ သင်တန်းသားများအား ဤအချက်များကို

ညွှန်ပြထားသင့်သည်- ဤသင်ခန်းစာသည် တာဝန်ခံမှုနည်းလမ်းများနှင့် CARSV ကျူးလွန်ခံရသူများ အတွက်ရနိုင်သော ကုစားနည်းများကို ခြုံငုံသုံးသပ်ခြင်းအပြင်၊ အခန်း ၄ (တစ်ဦးချင်း ရာဇဝတ်မှုဆိုင်ရာ တာဝန်ရှိမှု)၊ အခန်း ၅ (နိုင်ငံတော်၏ တာဝန်ရှိမှု)တို့တွင် လွှမ်းခြုံထားသော တစ်စုံတစ်ယောက် သို့မဟုတ် နိုင်ငံတော်၏တာဝန်ရှိမှု သက်သေပြရမည်ဖြစ်သော ရာဇဝတ်မှုနှင့် လူ့အခွင့်အရေးချိုးဖောက်မှုတို့၏ ဥပဒေ ဆိုင်ရာအဓိပ္ပါယ်ဖွင့်ဆိုချက်နှင့် အခြေခံအစိတ်အပိုင်းများကို ရှင်းပြပေးထားသည်။

သီးခြားကိစ္စရပ်အတွက်ရရှိနိုင်သော တာဝန်ခံမှုနည်းလမ်းများကိုဆုံးဖြတ်ရာတွင် ပါဝါပွိုင့်စာမျက်နှာ ၈ ရှိအချက်အလက်များကိုထည့်သွင်းစဉ်းစားရန် သင်တန်းဆရာသည် သင်တန်းသားများအား ၎င်းတို့ပိုမို ရှင်းလင်းရန်လိုအပ်သော မေးခွန်းများမေးမြန်းရန် အားပေးသင့်သည်။ ဥပမာ-

- အသုံးပြုနိုင်သော/သက်ရောက်နိုင်သော ပြည်တွင်းဥပဒေမူဘောင်က ဘာတွေပေးသလဲ၊
- မိမိလုပ်ငန်းခွင်တွင်အသုံးပြု၍ရနိုင်သော စစ်ရာဇဝတ်မှု၊ လူသားမျိုးနွယ်အပေါ်ကျူးလွန်သော ရာဇဝတ်မှုနှင့် လူမျိုးတုန်းသတ်ဖြတ်မှုတို့နှင့် ဆက်စပ်နေသော သီးခြားဥပဒေစည်းမျဉ်း ရှိသလား၊
- မည်သည့်ပြည်တွင်းတရားရုံးများက (သာမာန်ရာဇဝတ်တရားရုံးများ၊ စစ်ခုံရုံးများ၊/စစ်ဘက်ဆိုင်ရာတရားရုံးများ၊ အထူးတရားရုံးများ၊ အခြား) နိုင်ငံတကာရာဇဝတ်မှုများကို ကိုင်တွယ်စစ်ဆေးရန် အဆင့်မီသလဲ/အရည်အချင်း ပြည့်မှီသလဲ၊
- စစ်ရာဇဝတ်မှုများ/ နိုင်ငံတကာရာဇဝတ်မှုများကို ကိုင်တွယ်ရန် သီးခြားစုံစမ်းစစ်ဆေးရေးအဖွဲ့များ ရှိပါသလား၊
- အမျိုးသားကျူးလွန်ခံရသူများနှင့် ဆက်ဆံရာတွင် ပြည်တွင်းဥပဒေမူဘောင်များက အမျိုးသားများကို လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ကျူးလွန်ခံရနိုင်ခြေရှိသူများဟု အသိအမှတ်ပြုပါသလား။ စိတ်တူကိုယ်တူ ဖြစ်ခြင်းမဖြစ်ခြင်းကိုထည့်မတွက်ဘဲ၊ လိင်တူနှင့်သက်ဆိုင်သော လုပ်ရပ်များကို ရာဇဝတ်မှုမြောက်သည်ဟု သတ်မှတ်ထားပါသလား/ရာဇဝတ်မှုအသွင်ဆက်ဆံခံရပါသလား။ (ဤနေရာတွင် ကျူးလွန်ခံရသူ

နှင့်/သို့မဟုတ် ကျူးလွန်သူ၏ လိင်ပိုင်းဆိုင်ရာတိမ်းညွတ်မှုက အဓိကမကျသည်ကို သင်တန်းဆရာက အထူးပြုပြောကြားရမည်။ ဤကိစ္စရပ်များတွင် ဥပဒေကိုသိနားလည်ခြင်း အကြောင်းတစ်ရပ်မှာ လိင်တူနှင့်သက်ဆိုင်သောအမှုအကျင့်များကို တရားမဝင်ဟုသတ်မှတ်ထားသောနိုင်ငံများတွင် အခြား အမျိုးသားများ၏ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ကျူးလွန်ခံရသူအမျိုးသားများကို မှတ်တမ်းတင်/မှတ်တမ်းပြုစုမှု လုပ်ငန်းစဉ်အတွင်း ရာဇဝတ်ကြောင်းဖြင့်တရားစွဲဆိုခံရနိုင်ခြေအနေအထားသို့ဖွင့်ချမိခြင်း စွန့်စားမှုမှ ရှောင်ရှားရန် သို့မဟုတ် လျှော့ချရန် မှတ်တမ်းပြုစုသူကို အကူအညီဖြစ်စေနိုင်သည်)၊

- မည်သည့်တရားဝင်စာချုပ်စာတမ်း သို့မဟုတ် လူ့အခွင့်အရေးဆိုင်ရာစာချုပ်များကို ရာဇဝတ်မှု ဖြစ်ပွားသောနိုင်ငံက အတည်ပြုလက်မှတ်ထိုးထားသလဲ။ အဆိုပါစာချုပ်စာတမ်းများသည် ထိုနိုင်ငံ အတွက် မည်သည့်အချိန်က စတင်အသက်ဝင်ခဲ့သလဲ။ ယင်းစာချုပ်များ အသက်မဝင်မီနှင့် ဝင်ပြီးနောက် ရာဇဝတ်မှုများ ကျူးလွန်ခဲ့သေးသလား၊
- ဥပဒေဆိုင်ရာအခြေခံမှုကို အမျိုးသားတရားစီရင်ပိုင်ခွင့်က မည်သို့ကိုင်တွယ်ဖြေရှင်းနိုင်သလဲ၊
- ပြည်တွင်းဥပဒေဆိုင်ရာကုစားနည်းများ ခြေကုန်လက်ပန်းကျသွားပြီလား။ အကယ်၍ မဟုတ်ပါက အဘယ်ကြောင့်ပါလဲ။..စသည်ဖြင့်၊

ဒေသဆိုင်ရာနှင့် နိုင်ငံတကာလူ့အခွင့်အရေးဆိုင်ရာ စာချုပ်စာတမ်းများအကြောင်းပြောရာတွင် သင်တန်းဆရာသည် သင်တန်းသားများကို CARSV က ဖြစ်လာစေနိုင်သော သော့ချက်ကျသည့် လူ့အခွင့် အရေးဥပဒေဆိုင်ရာ စာချုပ်စာတမ်းများက အာမခံ ပေးသော ပင်မအရင်းခံ သို့မဟုတ် ကျင့်ထုံးအရ ရပိုင်ခွင့်များအကြောင်း ပါဝါပွိုင့် ၁၅ ကိုမပြခင်တွင် တွန်းအားပေးဆွေးနွေးစေသင့်သည်။ လူ့အခွင့်အရေး ဆိုင်ရာစာချုပ်စာတမ်းများသည်ပင် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်းကို ရှင်းရှင်းလင်းလင်း တားမြစ်မထားပေ- မကြာခဏကြုံလေ့ရှိသလိုပင်- လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုနှင့် သက်ဆိုင်ရာအာဏာပိုင် များ၏ ၎င်းကို တုန့်ပြန်မှုပုံစံက

လူ့အခွင့်အရေးစာချုပ်အများစုကအာမခံပေးထားသော အခြားရပိုင်ခွင့်များနှင့် လွတ်လပ်ခွင့် များကို ဆက်တိုက်ချိုးဖောက်မှုများဖြစ်စေသည်။

တာဝန်ခံမှုနည်းလမ်းများနှင့် ကုစားနည်းများကို ပါဝါပွိုင့် ၁၉ ၌ ခြုံငုံသုံးသပ်တင်ပြရာတွင် - တင်းကျပ်စွာ ပြောရမည်ဆိုပါက- **တာဝန်ခံမှုယန္တရား**ဟုထည့်သွင်းစဉ်းစား၍မရနိုင်သော ယန္တရားများရှိကြောင်းနှင့် ၎င်းတို့သည် မည်သို့ပင်ဆိုစေကာမူ အသွင်ကူးပြောင်းမှုဆိုင်ရာ တရားမျှတမှု ယန္တရားများ၏ ပိုမိုကျယ်ပြန့်သော မူဘောင်မှ အရေးပါသောအစိတ်အပိုင်းများလည်းဖြစ်ကြောင်းကို သင်တန်းဆရာက ဖော်ပြသင့်သည်။ အမှန်တရားနှင့် ပြန်လည်သင့်မြတ်ရေးပေါင်းစည်းရေးကော်မရှင်အဖွဲ့ မြင်ကွင်း၌ပေါ်လာစဉ်၊ အောက်မေ့ဖွယ်ရာများ ပဋိပက္ခမြေပုံရေးဆွဲခြင်းနှင့် မော်ကွန်းထိန်းခြင်းတို့ကတော့ ပျောက်နေတတ်သည်။ ဆိုခဲ့ပါ အခြားသောယန္တရား များသည် အသွင်ကူးပြောင်းမှုဆိုင်ရာ တရားမျှတမှု၏ အရေးကြီးသောအစိတ်အပိုင်းဖြစ်လာနိုင်ပြီး၊ ၎င်းကို အခန်း ၆ (ပြန်လည်ကုစား ပေးလျော်မှုများ reparations) တွင် ထပ်မံဆွေးနွေးထားသည်။ ၎င်းတို့ကို တာဝန်ခံမှုယန္တရား၏ အစားထိုးစရာ သို့မဟုတ် ရွေးချယ်စရာအခြားနည်းလမ်း alternative အဖြစ် မစဉ်းစားသင့်ပဲ၊ CARSV ကျူးလွန်ခံရသူများ လုံလောက်သော ကုစားမှုရရှိစေရန် သေချာစေသော ထပ်ဆောင်းနည်းလမ်းများအဖြစ် စဉ်းစားသင့်သည်။

**<u>လေ့ကျင့်ခန်းညွှန်ကြားချက်များ</u>**

တာဝန်ခံမှုနည်းလမ်းများနှင့်ကုစားနည်းများရှာဖွေခြင်း လေ့ကျင့်ခန်းအတွက်၊ သင်တန်းသားများ ရင်းနှီးကျွမ်းဝင်ပြီးဖြစ်သော သို့မဟုတ် ၎င်းတို့အတူအလုပ်လုပ်ကိုင်နေသော ကျူးလွန်ခံရသူများ အသုံးပြုပြီးဖြစ်နိုင်သော တာဝန်ခံမှုယန္တရားများကို သင်တန်းဆရာက ဆွေးနွေးစေသင့်သည်။ ပြည်တွင်း၊ ဒေသတွင်းနှင့် နိုင်ငံတကာအဆင့် တာဝန်ခံမှုရွေးချယ်စရာများကို ဥပမာများပေးစေပြီး၊ အဆိုပါယန္တရားများက ရာဇဝတ်မှုဆိုင်ရာ တာဝန်ရှိမှု၊ နိုင်ငံတော်၏တာဝန်ရှိမှု နှင့်/သို့မဟုတ် အခြား ပါဝင်ပတ်သက်နေသူများ- (တရားရေးနှင့်အပြည့်အဝဆိုင်သော၊ တစ်စိတ်တစ်ပိုင်းဆိုင်သော၊ လုံးဝမဆိုင်သော)၏ တာဝန်ရှိမှုတို့ကို

*©နိုင်ငံတကာ ရာဇဝတ်မှု စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈*

မည်သို့ ဖြေရှင်းပုံကို ဆွေးနွေးရန်တွန်းအားပေးသင့်သည်။ အကယ်၍ အချိန်လုံလောက်စွာပေးထားပါလျှင် သင်တန်းသားများ၏နောက်ခံနှင့်အတွေ့အကြုံပေါ်မူတည်၍ အဆိုပါတာဝန်ခံမှုလမ်းကြောင်းများ (ဥပမာ-ပြည်တွင်းကာလစည်းကမ်းသတ် ဥပဒေ၊ ရာဇဝတ်မှုများ၏ မဆီလျော်သော ဥပဒေဆိုင်ရာအရည်အသွေး၊ နိုင်ငံရေးစိတ်ဆန္ဒမရှိခြင်း၊ လွတ်လပ်မှုမရှိခြင်းနှင့် ကိုင်တွယ်ဖြေရှင်းပုံ)ကို အသုံးပြုပြီး တရားမျှတမှုနှင့် ပြန်လည်ကုစား ပေးလျော်မှုများ reparations) ရရှိရန်ကြိုးစားရာတွင် ရှိလာနိုင်သောအတားအဆီးများအကြောင်း ဆွေးနွေးရန် သင်တန်း ဆရာက သင်တန်းသားများကို တိုက်တွန်းနိုင်သည်။

လေ့ကျင့်ခန်းကိုအပြန်အလှန်တက်ကြွမှုရှိစေရန်နှင့် တာဝန်ခံမှုယန္တရားများ၏ မတူညီသောအမျိုးအစားများကို သင်တန်းသားများ မျက်လုံးတွင်ပေါ်လာအောင် ကူညီရန် သင်တန်းဆရာသည် ပါဝါပွိုင့် ၁၉ တွင်ပြထားသည့်အတိုင်း စက္ကူကားချပ်အရှင်တွင် စက်ဝိုင်းခြမ်းတစ်ခုကိုဆွဲပြီး၊ သင်တန်းသားများကိုလည်း စက္ကူအပိုင်းလေးများပေါ်တွင် မိမိတို့ဆွေးနွေးလိုသော ယန္တရားအမည်ကိုရေးကာ စက်ဝိုင်းခြမ်းတွင်ကပ်ပါစေ။ ဤလေ့ကျင့်ခန်း၏အဓိကအချက်မှာ CARSV ကျူးလွန်ခံရသူများအတွက် ရာဇဝတ်သားကို တရားစွဲဆိုခြင်းအပြင် တာဝန်ခံမှုအတွက် ပိုမိုကျယ်ပြန့်သောရွေးခြယ်စရာများကို သင်တန်းသားများက အသိအမှတ်ပြုနိုင်ရေးအပြင်၊ ကျူးလွန်ခံရသူ၏ဆန္ဒကိုအခြေခံ၍ ပေးထားသောအခြေအနေတစ်ခုတွင် အသင့်လျော်ဆုံးရွေးချယ်မှုတစ်ခုကို သင်တန်းသားများ ပြုလုပ်နိုင်ရန်ဖြစ်သည်။

*©နိုင်ငံတကာ ရာဇဝတ်မှု စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈*